www.burmeseclassic.com


ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက်အမှတ် - ၂၆၇/၂၀၀၄(၄)
အဖုံးခွင့်ပြုချက် - ၃၀၀/၂၀၀၄ (၄)
ထုတ်ဝေသူ - ဦးကျော်ဟင်း
ယုံကြည်ချက်စာပေ
အမှတ်(၁၁၁)၊ တတိယထပ်၊
၃၃ လမ်း၊ ရန်ကုန်။
ပုံနှိပ်(အတွင်း+အဖုံး) - ဒေါ်မြင့်မြင့်တင်
(မြင့်သီရိပုံနှိပ်တိုက်)
အမှတ် ၂၀၈၊ လမ်း ၃၀၊ ရန်ကုန်။
အတွင်းဖလင် - AZ
ုပ်ရေ - ၅၀၀
ုတ်ဝေသည့်လ - ၂၀၀၄-ခုနှစ်၊ ဇွန်လ
န်ဖိုး - ၆၀၀ ကျပ်


စီစဉ်သူ

လှလှနွယ်

# စိတ်နယ်လွန် ဖြစ်ရပ်ဆန်းများ

**GINA-CERMINARA**

**BY**

**MANY MANSIONS**

---

## အောင်ခင်မိုး


လှလှနွယ်စာပေ
အမှတ် ၈၄၇၊ ဦးငွေကိုင်လမ်း၊ (၄၁) ရပ်ကွက်၊
ဒဂုံမြို့သစ်မြောက်ပိုင်း၊ ရန်ကုန်မြို့။


www.burmeseclassic.com

www.burmeseclassic.com



စာတမ်းများသည် သိပ္ပံနှင့် ဘာသာတရားကို ပေါင်းစပ်ပေးရာ၌ အောင်မြင်မှု ရလိုက်ခြင်းပင် ဖြစ်၏။ ရုပ်လောကကို ချုပ်ကိုင်ထိန်းသိမ်းထားသော သိပ္ပံပညာ၏ နိယာမများ တိကျမှုရှိသလောက်ပင် ကြောင်းကျိုးဆက်သွယ်မှု နိယာမပဋိစ္စသမုပ္ပါဒ်သည်လည်း နာမ်လောကကို ချုပ်ကိုင်ထိန်းသိမ်းရာတွင် တိကျမှုရှိကြောင်း ဟောစာတမ်းများက ပြသလျက် ရှိနေပါသည်။ ထိုသို့ပြခြင်းအားဖြင့် သိပ္ပံပညာနှင့် ဘာသာတရားကို ဟောစာတမ်းများက ပေါင်းစပ်ပေးလိုက်နိုင်သည်။

လူတို့ခံစားရသော ဆင်းရဲဒုက္ခတို့မှာ ရုပ်တရား၏ ဖောက်ပြန် ချွတ်ယွင်းမှုကြောင့်သာ မဟုတ်ဘဲ ကိုယ်ကျင့်တရားနှင့် တွေးခေါ်စဉ်းစားမှုတို့ မှားယွင်းခြင်းကြောင့်လည်း ဖြစ်ပေသည်။ လူသား၏ မွေးဖွားမှုနှင့် စွမ်းရည်တို့ မညီမမျှဖြစ်ရခြင်းမှာ ဖန်ဆင်းရှင်က စိတ်ကူးပေါက်ရာ ပြုလုပ်လိုက်ခြင်းကြောင့်လည်း မဟုတ်ပေ။ မျိုးရိုးဗီဇကြောင့်ဟု ခံယူထားသော မျက်ကန်းယန္တရားဝါဒကြောင့်လည်း မဟုတ်ပေ။ စင်စစ် ထိုသို့ဖြစ်ခြင်းမှာ အတိတ်ဘဝက အပြုအမူများ၏ ကောင်းမှု၊ မကောင်းမှုများကြောင့်သာ ဖြစ်ပေသည်။

ဆင်းရဲဒုက္ခအားလုံး၌ ပညာပေးသော ရည်ရွယ်ချက် ပါရှိသည်။ ကိုယ်လက်အင်္ဂါချို့တဲ့ ချွတ်ယွင်းမှုများနှင့် ရောဂါဘယထူပြောမှုများသည် အတိတ်ဘဝက ကိုယ်ကျင့်တရားလျှင် အမှန်အစရှိ၏။ လူသား၏ ကိုယ်ဆင်းရဲ၊ စိတ်ဆင်းရဲဟူသမျှသည် အသိပညာနှင့် အထွတ်အထိပ်သို့ ရောက်ရေးအတွက် သံသရာတည်းဟူသော ကျောင်းခန်းမှ သင်ခန်းစာများသာ ဖြစ်ပေသည်။



# အခန်း(၄)

www.burmeseclassic.com

www.burmeseclassic.com



အပင် အကာ:အဆီး ဖြစ်လိမ့်မည်"

ဒုတိယ အမျိုးအစားဖြစ်သော ဝဠ်ကြွေးကံနှင့် ပတ်သက်၍ မွေးကတည်းက အစာမကြေရောဂါ ခံစားနေရသော အသက် (၃၅) နှစ်အရွယ် လူတစ်ယောက်၏ ဖြစ်ရပ်ပင်ဖြစ်သည်။ သူသည် အမြဲတမ်း အစားအစာကို ရွေးချယ်၍ စားရသည်။ သို့ရာတွင် ဤသို့ သတိကြီးစွာထား၍ စားသောက်နေသည့်ကြားကပင် အစာကြေဖို့ရာ နာရီပေါင်းများစွာ စောင့်ရ၏။ အစာမကြေမှုကြောင့် သူသည် မကြာခဏပင် အဆင်မပြေမှုများနှင့် လူမှုရေးဆိုင်ရာ စိတ်မချမ်းမြေ့မှုများကို တွေ့ကြုံခံစားရလေသည်။

သူ ထိုသို့ အစာမကြေဖြစ်ရခြင်း၏ အကြောင်းရင်းကံကို ပြင်သစ်ပြည် တစ်ဆယ့်သုံးဆက်မြောက် လူဝီဘုရင်၏ နန်းတွင်း၌ သူ ပြုလုပ်ခဲ့သည်ဟု ကေစီ ဟောစာတမ်းက ဖော်ပြထားသည်။ ထိုစဉ်က သူသည် ဘုရင်ကို စောင့်ရှောက်ကာကွယ်ပေးရသူ ဖြစ်၏။ သူသည် သူ၏တာဝန်ကို ကျေပွန်စွာ ထမ်းဆောင်ခဲ့သော်လည်း သူ့တွင် ပျော့ညံ့ချက်တစ်ခုရှိ၏။ ထိုပျော့ညံ့ချက်မှာ အလွန်အမင်း အစားအသောက်ကို မက်မောလွန်းခြင်းပင် ဖြစ်သည်။ ထို့နောက် တစ်ဘဝတွင်လည်း ပါးရှားပြည်တွင် ဘုရင့်သမားတော်ကြီးဖြစ်ကာ အစားအသောက်ကို လွန်မင်းစွာ မက်မောတွယ်တာခဲ့၏။

ဤသို့ဖြင့် သူသည် နှစ်ဘဝတိုင်တိုင် မနောကံလွန်ကျူးပြစ်ကို ကျူးလွန်ခဲ့သည်။ မညီမျှသည်ကို ညီမျှအောင် ပြုလုပ်ပေးရန် လိုအပ်သည့်အလျောက် ယခုလက်ရှိဘဝ၌ သူ့ကို ကိုယ်အင်္ဂါဆိုင်ရာ အားနည်းအောင် ပြုလုပ်ပေးခြင်းဖြင့် အလွန်အကျွံ မဖြစ်စေရန် အတင်းထိန်းချုပ်ပေးရသည်ကို ကျွန်ုပ် တွေ့ရသည်။

ကေစီ ဟောစာတမ်းများ၌ အတွေ့များသော အတိတ်ကံ



အမျိုးအစားမှာ ခန္ဓာကိုယ်နှင့်ဆိုင်သော ကံများအနက် အဲ့အားသင့်စရာ အကောင်းဆုံးနှင့် စိတ်ဝင်စားစရာ အကောင်းဆုံး ဖြစ်၏။ သွေးအားနည်းရောဂါရှင်တစ်ယောက်အား ဟောထားသည့်ကို စိတ်ဝင်စားဖွယ် တွေ့ရပါသည်။ ထိုလူရွယ်၏ ဖခင်မှာ ဆေးပညာရှင်တစ်ယောက်ဖြစ်ရာ သူ့သား၏ ရောဂါပျောက်ရေးအတွက် သူတတ်ကျွမ်းသမျှ နည်းမျိုးစုံဖြင့် ကုသလေသည်။ သို့သော်လည်း အရာမရောက်ပေ။

ကုသမှုကို ခေါင်းမာစွာ တွန်းလှန်ပစ်နေသော ရောဂါက အမြစ်တွယ်အောင် စွဲနေသော ကံဟူသော အကြောင်းကို သေချာစွာ ညွှန်ပြလျက် ရှိ၏။ အမှန်ပင် ထိုရောဂါကို ထိုလူရွယ်၏ လွန်ခဲ့သော ငါးဘဝမြောက် ပီရူးပြည်တွင် လူဖြစ်ခဲ့သည့် ဘဝအထိ ဟောစာတမ်းက ခြေရာခံပြထားလေသည်။

"ထိုစဉ်က သူသည် ကိုင်းပြည်၏ အုပ်ချုပ်ရေးအာဏာကို ရက်ရက်စက်စက် အမွေသိမ်းပိုက်ခဲ့ရာ သွေးထွက်သံယို အကြီးအကျယ် ဖြစ်စေခဲ့၏။ ထို့ကြောင့် ယခုဘဝတွင် သွေးအားနည်းရောဂါဖြစ်ရခြင်း ဖြစ်သည်ဟု ကေစီ ဟောစာတမ်းက ဆို၏။

ထိုစကား၏ အဓိပ္ပာယ်သည် ကိုယ်ခန္ဓာဆိုင်ရာ ကံ၏ အခြားပုံစံများနှင့် ယှဉ်ကြည့်သောအခါ ပို၍ထင်ရှားလာသည်။ ထိုလူရွယ်၏ အပြစ်သည် လွန်လွန်ကျူးကျူးဖြစ်သော စိတ်တစ်ခုခု၏ စေ့ဆော်မှုဖြင့် ခန္ဓာကိုယ်ကို လွဲမှားစွာ အသုံးချမှုကြောင့်ဖြစ်သော အပြစ်မဟုတ်ပေ။ ထို့ကြောင့် ကိုယ်တွင်း အစိတ်အပိုင်းဆိုင်ရာကံကြောင့် ဖြစ်သော အပြစ်မဟုတ်ကြောင်း ထင်ရှားသည်။ ပစ်တုတ်ကံ (ဘူးမရင်းကံ)ကြောင့်ဖြစ်သော အပြစ်ဟုလည်း တိတိကျကျ မဆိုနိုင်ချေ။ အဘယ့်ကြောင့်မူ အကယ်၍သာ ဤကံမျိုးဖြစ်ခဲ့သော် ထိုလူရွယ်သည်

www.burmeseclassic.com

www.burmeseclassic.com



ပြန်လည်ပြုမူတတ်ကြ၏။ ယင်းအချက်ကိုမူ ကလေး၏ မိဘနှစ်ပါးလုံးကပင် သိကြလေသည်။ ဒုတိယကလေးဖြစ်သော သူ၏ညီမလေးကြောင့် သူ့အပေါ်တွင် မိဘများ၏ အချစ်လျော့မသွားကြောင်းကို ထိုကလေး သိနားလည်ရန် မိဘများက အမျိုးမျိုးကြိုးစားကြပါ၏။ သို့သော် အိပ်ရာတွင်း ဆီးသွားမှုကား ရပ်တန့်မသွားတော့။ ဆီးများသွားမြဲ သွားနေတော့၏။ နောက်ဆုံးကလေး အသက်သုံးနှစ်ရှိသောအခါ စိတ်ကုပညာရှင် (Psychiatrist)တစ်ယောက်အားပြ၍ ကုသရန် မိဘများက ဆုံးဖြတ်လိုက်ကြလေသည်။ တစ်နှစ်ကျော်ကျော် စိတ်ကုပညာရှင်များ ကုသသော်လည်း ထူးခြားမှုကို မတွေ့ရသဖြင့် ဆက်လက် ကုသခြင်းမပြုတော့ပေ။ ထို့နောက် ငါးနှစ်တိုင်တိုင်ဆက်၍ အိပ်ရာထဲ စိုမြဲပင် စိုစေသည်။

မိဘများသည် ထင်ရှားသော ဆေးဘက်ဆိုင်ရာ အထူးကု ဆရာဝန်ကြီးများနှင့် နည်းအမျိုးမျိုးဖြင့် ကုသကြသော်လည်း အရာမရောက်ပေ။ ထို့နောက် စိတ်ကုပညာရှင်များနှင့် ထပ်မံ၍ နှစ်နှစ်တိုင်တိုင် ကုသကြပြန်သည်။

ဤတစ်ကြိမ် ကုသမှုသည် ကလေး၏ အတွေတွေ အရည်အသွေး တိုးတက်မှုကို အထောက်အပံ့ပြုသော်လည်း လိုရင်းအခြေအနေမှာမူ ထူးမခြားနားပင် ဖြစ်၏။ ထို့ကြောင့် ကလေးဆယ်နှစ်သားအရွယ်တွင် စိတ်ကုပညာရှင်များနှင့် ကုသမှုကို စွန့်လွှတ်လိုက်ကြတော့သည်။

ကလေးဆယ့်တစ်နှစ်အရွယ်သို့ ရောက်သောအခါ သူ၏ မိဘများသည် ကေစီ၏ အကြောင်းကို ကြားသိကြသဖြင့် ကလေး၏ ထူးဆန်းသော ဖြစ်ပျက်ပုံနှင့် ပတ်သက်၍ ကေစီထံမှ ဟောစာတမ်းယူရန် ဆုံးဖြတ်လိုက်ကြသည်။ ကလေး၏ ဘဝဟောစာတမ်းအရဆို



သော် ထိုကလေးသည် ပျူရီတန်ခေတ် (Puritan Days)(အင်္ဂလန်ပြည်၌ ၁၆-ရာစုနှစ်တွင် ဘာသာရေးစည်းကမ်း တင်းကျပ်လွန်းသူများ ပေါ်ပေါက်ခဲ့သည့် ခေတ်ကို ဆိုလိုသည်) စောစောပိုင်းက စုန်းပြုစားမှုများကို စစ်ဆေးသည့်အချိန်တွင် ခရစ်ယာန်ဘုန်းကြီးတစ်ပါးဖြစ်ခဲ့ဖူးသည်။ သူသည် စုန်းဟု ထင်ခံရသူများကို ခုံတစ်လုံးပေါ်တွင် ကြိုး ဖြင့်ချည်၍ ရေကန်ထဲနှစ်၍ အပြစ်ပေးရာတွင် တက်ကြွစွာ ပါဝင် ဆောင်ရွက်ခဲ့သူ ဖြစ်ပါသည်။

အကြောင်းရင်းကံကို ရှင်းပြပြီးနောက် ဟောစာတမ်း ကလေး၏ ရောဂါကုသ ပျောက်ကင်းရန် တိကျသေချာသော မျှော်လင့်ချက်ကို ပေးလိုက်၏။ ညအခါကလေး အိပ်ရာမဝင်မီ ညွှန်ကြားချက်ပေးရန် မိဘများအား ပြောပြရာတွင် အဓိပ္ပာယ်မှာ ရုပ်သဘောထက် နာမ်သဘောပို၍ဆန်သည်ဟူသော အဓိပ္ပာယ်ပင် ဖြစ်လေသည်။

ကလေး၏ မိခင်သည် ကေစီထံမှ ညွှန်ကြားချက်ကို ရလျှင်ရချင်း ညအခါ ကလေး၏အိပ်ရာဘေးတွင် ထိုင်ကာ ကလေး အိပ်ချင်စိတ် ပေါ်၍ ငိုက်မြည်းလာသည်အထိ စောင့်နေ၏။ ထို့နောက် အိပ်ပျော်နေသော သူ့ကလေးကို...

"သားသား မင်းဟာ စိတ်ကောင်း သဘောကောင်းရှိပြီး သနားကြင်နာတတ်တဲ့ သားလေးပဲ။ မင်းဟာ လူတိုင်းကို ပျော်ရွှင်အောင် လုပ်မှာပဲ။ မင်းဟာ သနားကြင်နာတတ်ပြီး စိတ်သဘောထားကောင်းတဲ့ သားလေးပဲကွယ်"

ထိုည၌ ကိုးနှစ်နီးပါးအတွင်း ပထမဆုံးအကြိမ်အဖြစ် ကလေးသည် အိပ်ရာထဲ၌ ဆီးမသွားတော့ပေ။ ကလေး၏ မိခင်သည် လပေါင်းများစွာပင် ညစဉ်ညတိုင်း ကလေးကို အထက်ပါအတိုင်း ညွှန်ကြားပြောပြလေသည်။ ထိုအတောအတွင်း ကလေးသည် တစ်

www.burmeseclassic.com

www.burmeseclassic.com



သို့တစေ ယခုအထိ စုံစမ်းလေ့လာခဲ့သမျှသော အချက်အလက်များသည် လူသား၏ ပေါင်းစည်းရေး သိပ္ပံပညာသစ်ကြီးဖြစ်သော ကုသရေးအတွေးအခေါ်သစ်ကြီး တစ်ရပ်၏ ပုံသဏ္ဌာန်ကို အကြမ်းဖျင်း ဖော်ပြရုံမျှသာ ရှိသည်။ လူသည် ခန္ဓာကိုယ် စိတ်နှင့် ဝိညာဉ်တည်းဟူသော အခြေခံသဘောသုံးရပ်ကို ပေါင်းစည်းထားသော အရာတစ်ခု ဖြစ်၏။

လူသား၏ ဤသုံးပွင့်ဆိုင် သဘောတရားသည် ဘုရားသခင်ထံမှ ရရှိလာခြင်း ဖြစ်၍ ရာစုနှစ်ပေါင်း များစွာကာလပတ်လုံး ပြောင်းလဲ တိုးတက်လာသော လူသား၏ ဆေးပညာ၊ စိတ်ပညာနှင့် ဘာသာရေးတည်းဟူသော ပညာဘဏ်တိုက်ကြီး သုံးခု၌ ပြန်၍ ထင်ဟပ်လာကြ၏။

ထိုပညာဂိုဏ်းခွဲ သုံးခုသည် သီးခြားစီဖြစ်၍ မကြာခဏ ပဋိပက္ခဖြစ်ရသော လမ်းသုံးသွယ်သို့ လိုက်ကြ၏။ သို့ရာတွင် တစ်သီးတခြားစီဖြစ်ခြင်း၊ ပဋိပက္ခဖြစ်ရခြင်းမှာ လူသား၏ သူ့အကြောင်းမှန်ကို မသိသော မောဟတရားကြောင့် ဖြစ်ပါသည်။ အစစ်အမှန်အားဖြင့် ဆရာဝန်၊ စိတ်ပညာရှင်နှင့် ဘုန်းတော်ကြီးများသည် တစ်ခုတည်းသော ဓာတ်ခွဲခန်း စားပွဲကြီး၌ ထိုင်နေကြသော လုပ်သားသုံးယောက်ဖြစ်သလို ပျော့ပျောင်းသော တစ်ခုတည်းသော ရွှံ့တုံးကို ပုံသွင်းနေကြသော ပုဂ္ဂိုလ်များလည်း ဖြစ်ပါသတည်း။ ။

❀❀❀

**အောင်ခင်စိုး**

**နံနက် ၅း၁၅ နာရီ**

၂၇-၁-၂၀၀၄

BURMESE CLASSIC

www.burmeseclassic.com